# နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့
# ကုန်သွယ်လုပ်ငန်းခွန်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ
# (နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ် ၅/၉၁)

၁၃၅၂ ခုနှစ်၊ နှောင်းတန်ခူးလဆန်း ၁၅ ရက်

(၁၉၉၁ ခုနှစ်၊ မတ်လ ၂၉ ရက်)

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့သည် အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို ကုန်သွယ်လုပ်ငန်းခွန်ဥပဒေကို ပြင်ဆင်သည့် ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေသည် ၁၉၉၁-၉၂ ဘဏ္ဍာရေးနှစ်အတွက်မှစ၍ အကျိုးသက်ရောက်စေရမည်။

၃။ ကုန်သွယ်လုပ်ငန်းခွန် ဥပဒေပုဒ်မ ၃ ပုဒ်မခွဲ (င)ကို အောက်ပါပုဒ်မခွဲဖြင့် အစားထိုးရမည် -

(င) ရောင်းရငွေဆိုသည်မှာ ဤဥပဒေအရ အခွန်မကျသင့်မီ ရောင်းရန်သတ်မှတ်ထားသော ကုန်စည်၏ အရောင်းတန်ဖိုးကို လက်ငင်းဖြစ်စေ၊ ကြွေးဖြင့်ဖြစ်စေ၊ အခြားဆိုင်းငံ့စနစ်ဖြင့် ဖြစ်စေ၊ ကြိုတင်အရောင်းစနစ်ဖြင့်ဖြစ်စေ ရောင်းချ၍ ရငွေ သို့မဟုတ် ရရန်ငွေကိုဆိုသည်။ ကုန်စည်ချင်းလဲလှယ်ခြင်းဖြစ်လျှင် ယင်းသို့ပြုလုပ်ရာတွင် သတ်မှတ်သည့် တန်ဖိုးကိုဆိုသည်။ ယင်းစကားရပ်တွင် ကုန်စည်ကို ထည့်သွင်းထုပ်ပိုးသော ပစ္စည်းတန်ဖိုးလည်း ပါ ဝင်သည်၊

၄။ ကုန်သွယ်လုပ်ငန်းခွန် ဥပဒေပုဒ်မ ၃ တွင် အောက်ပါပုဒ်မခွဲကို ပုဒ်မခွဲ (တ)အဖြစ် ဖြည့်စွက်ရမည် -

(တ) သုံးလ ဆိုသည်မှာ ဘဏ္ဍာရေးနှစ် စတင်သောကာလမှစ၍ သုံးလအလိုက် ကာလအပိုင်းအခြားကိုဆိုသည်။

၅။ ကုန်သွယ်လုပ်ငန်းခွန် ဥပဒေ အခန်း (၆)၏ ခေါင်းစီးတွင်ပါရှိသော "လစဉ်ကြေညာလွှာပေးပို့ခြင်းနှင့် အခွန်ပေးဆောင်ခြင်း" ဆိုသည့် စကားရပ်ကို "လစဉ်အခွန်ပေးဆောင်ခြင်းနှင့် သုံးလတစ်ကြိမ် ကြေညာလွှာပေးပို့ခြင်း" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၆။ ကုန်သွယ်လုပ်ငန်းခွန် ဥပဒေပုဒ်မ ၁၂ ပုဒ်မခွဲ (က)၊ (ခ)နှင့် (ဂ)တို့ကို အောက်ပါပုဒ်မခွဲများဖြင့် အစားထိုးရမည် -

(က) မည်သူမဆို နှစ်တစ်နှစ်အတွင်း အခွန်စည်းကြပ်ထိုက်သော ရောင်းရငွေ သို့မဟုတ် ဝန်ဆောင်မှုရငွေရှိလျှင် လစဉ်ကျသင့်သောအခွန်ကို သက်ဆိုင်ရာလကုန်ဆုံးပြီး တစ်ဆယ်ရက်အတွင်း ပေးဆောင်ရမည်။ ထို့အပြင် သုံးလတစ်ကြိမ် ကြေညာလွှာကို သက်ဆိုင်ရာ သုံးလပတ်ကုန်ဆုံးပြီး နောက်တစ်လအတွင်း သက်ဆိုင်ရာမြို့နယ် အခွန်ဦးစီးဌာနမှူးထံ ပေးပို့ရမည်၊

(ခ) မည်သူ့ကိုမဆို နှစ်တစ်နှစ်အတွင်း အခွန်စည်းကြပ်ထိုက်သော ရောင်းရငွေ သို့မဟုတ် ဝန်ဆောင်မှုရငွေရှိသည်ဟု ယူဆရန် အကြောင်းရှိလျှင် လစဉ်ကျသင့်သော အခွန်ငွေကို ပေးဆောင်စေရန်နှင့် သုံးလတစ်ကြိမ် ကြေညာလွှာကို ပေးပို့စေရန် မြို့နယ်အခွန် ဦးစီးမှူးက အကြောင်းကြားနိုင်သည်၊

(ဂ) ပုဒ်မခွဲ (က) သို့မဟုတ် (ခ)အရ အခွန်ပေးဆောင်ရန် ပျက်ကွက်လျှင်သော်လည်းကောင်း၊ ပေးဆောင်ထိုက်သည့် အခွန်ငွေထက် လျော့နည်းပေးဆောင်သည်ဟု ယူဆရန် အကြောင်းရှိလျှင်သော်လည်းကောင်း၊ မြို့နယ်အခွန်ဦးစီးဌာနမှူးက ရရှိထားသော သတင်းအချက်အလက်များအပေါ် အခြေပြု၍ ပေးဆောင်ရန်အခွန်ငွေ သို့မဟုတ် ထပ်မံပေးဆောင်ရန်ငွေကို ခန့်မှန်းတွက်ချက်တောင်းခံနိုင်သည်။

၇။ ကုန်သွယ်လုပ်ငန်းခွန် ဥပဒေပုဒ်မ ၂၁ အောက်တွင် အောက်ပါပုဒ်မကို ပုဒ်မ၂၁-က အဖြစ် ဖြည့်စွက်ရမည် -

၂၁-က။ မည်သူမဆို ဤဥပဒေအရ အစိုးရက အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ ထားရှိရန် သတ်မှတ်ထားသော စာရင်းများကို သက်ဆိုင်ရာ အခွန်ဦးစီးဌာနမှူးက တင်ပြရန် တောင်းဆိုသည့်အခါ လုံလောက်သော အကြောင်းမရှိဘဲ တင်ပြရန် ပျက်ကွက်လျှင် ထိုသူအား သက်ဆိုင်ရာ အခွန်ဦးစီးဌာနမှူးသည် စည်းကြပ်မှုအကျသင့်အခွန်၏ သက်ဆိုင်ရာအခွန်ဦးစီးဌာနမှူးသည် စည်းကြပ်မှုအရ ကျသင့်အခွန်၏ ၁၀ ရာခိုင်နှုန်းထက်မပိုသော ငွေကို ဒဏ်ငွေအဖြစ် ပေးဆောင်စေနိုင်သည်။

၈။ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေ၏ နောက်ဆက်တွဲဇယား ၁ အခွန်မကျသင့်စေမည့် ကုန်စည်များစာရင်းတွင် -

(က) အမှတ်စဉ် ၄၂ တွင်ပါရှိသော "လက်နက်ဥပဒေနှင့် အကျုံးဝင်သော လက်နက်များ၊ ခဲယမ်းမီးကျောက်များ၊ ယင်းတို့နှင့်သက်ဆိုင်သည့် အစိတ်အပိုင်းနှင့် အပိုပစ္စည်းများ၊ ယမ်းမှုန်အမျိုးမျိုးဆိုသည့် စကားရပ်ကို နယ်ဘက်ဌာနများသုံး ယမ်းမှုန့်အမျိုးအမျိုးဆိုသည့် စကားရပ်ကို နယ်ဘက်ဌာနများသုံး ယမ်းမှုန့်အမျိုးမျိုး၊ ယမ်းဘီလူးအမျိုးမျိုးနှင့် ဆက်စပ်ပစ္စည်းများ။" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊

(ခ) အမှတ်စဉ် ၄၈ တွင်ပါရှိသော "ကျောင်းသုံးစာအုပ်အမျိုးမျိုး၊ ဗလာစာအုပ်နှင့် ပုံဆွဲစာအုပ်အမျိုးမျိုး၊ ခဲတံအမျိုးမျိုး" ဆိုသည့် စကားရပ်ကို "ကျောင်းသုံးစာအုပ်အမျိုးမျိုး၊ ဗလာစာအုပ်နှင့် ပုံဆွဲစာအုပ်အမျိုးမျိုးနှင့် ယင်းစာအုပ်များ ထုတ်လုပ်ရန် စက္ကူများ၊ ခဲတံအမျိုးမျိုး။" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ အစားထိုးရမည်။

၉။ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေ၏ နောက်ဆက်တွဲ ဇယား ၁ အခွန်မကျသင့်စေမည့် ကုန်စည်များစာရင်းတွင် အောက်ပါကုန်စည်များကို အမှတ်စဉ် ၆၁၊ ၆၂၊ ၆၃၊ ၆၄ နှင့် ၆၅ တို့အဖြစ် ဖြည့်စွက်ရမည် -

| **အမှတ်စဉ်** | **ကုန်စည်အမျိုးအမည်** |
| --- | --- |
| ၆၁ | ငရုပ်သီး။ |
| ၆၂ | နနွင်း။ |
| ၆၃ | ဂျင်း။ |
| ၆၄ | ငါး ငါးပိ။ |
| ၆၅ | မန်ကျည်းမှည့်။ |

၁၀။ ကုန်သွယ်လုပ်ငန်းခွန် ဥပဒေ၏ နောက်ဆက်တွဲဇယား ၂၊ ဇယား ၃၊ ဇယား ၄၊ ဇယား ၅ နှင့် ဇယား ၆ တို့ကို အောက်ပါဇယား ၂၊ ဇယား ၃၊ ဇယား ၄၊ ဇယား ၅၊ ဇယား ၆ နှင့် ဇယား ၇ တို့ဖြင့် အစားထိုးဖြည့်စွက်ရမည် -

**ဇယား ၂**

**၅ ရာခိုင်နှုန်းဖြင့် အခွန်ကျသင့်စေရမည့် ကုန်စည်များ**

(၁) ပြည်ပမှတင်သွင်းသည့် ကုန်စည်ဖြစ်လျှင် အခွန်ကို ကုန်းပေါ်ရောက် တန်ဖိုးပေါ်တွင် ကျသင့်စေရမည်၊

(၂) နိုင်ငံတော်အတွင်း ထုတ်လုပ်သော ကုန်စည်ဖြစ်လျှင် အခွန်ကို ရောင်းရငွေပေါ်တွင် ကျသင့်စေရမည်။

| အမှတ်စဉ် | ကုန်စည်အမျိုးအမည် |
|---|---|
| ၁ | ယိုမျိုးစုံ။ |
| ၂ | ပဲငါးပိ၊ ပဲငံပြာရည်နှင့် ဟင်းခတ်အချိုရည်များ။ |
| ၃ | လက်ဖက်စို၊ လက်ဖက်ခြောက်အကြမ်း။ |
| ၄ | စားသုံးရန်မဟုတ်သည့် ဝါစေ့ဆီရိုင်း၊ ဖွဲနုဆီရိုင်း စသည့် ဆီကြမ်းများ။ |
| ၅ | အိမ်သုံးဆေးဝါးနှင့် အခြားလူသုံးဆေးဝါးအမျိုးမျိုး။ |
| ၆ | ထင်းမီးသွေး။ |
| ၇ | ဖောင်တိန်နှင့်ဘောပင်များ။ |
| ၈ | ချည်လုံချည်ကြမ်းများ။ |
| ၉ | ချည်ရှပ်ဖျင်ညို။ |
| ၁၀ | ချည်ဇင်ပိတ်။ |
| ၁၁ | စွပ်ကျယ်များ။ |
| ၁၂ | ချည်ခင်။ |
| ၁၃ | အပ်ချည်လုံး (ချည်)။ |
| ၁၄ | ကျောက်ကျိုး၊ ကျောက်ပဲ့။ |
| ၁၅ | ထုံးကျောက်။ |
| ၁၆ | အခြားလမ်းခင်းကျောက်များ၊ သဲများ။ |
| ၁၇ | ပညာပေးနှင့် ကျောင်းသုံးလျှပ်စစ်ပစ္စည်းကိရိယာများ။ |
| ၁၈ | လက်သမားသုံးကိရိယာများ။ |
| ၁၉ | လယ်ယာသုံး ကိရိယာများ။ |
| ၂၀ | အုန်းဆံကြိုး၊ ဂုန်နီကြိုး၊ ချည်ကြိုးနှင့် အခြားကြိုးများ။ |
| ၂၁ | အဝတ်လျှော် ဆပ်ပြာအမျိုးမျိုး။ |
| ၂၂ | ဦးထုပ်အမျိုးမျိုး။ |
| ၂၃ | အားကစားပစ္စည်းများ။ |
| ၂၄ | လက်တွန်းလှည်းများ။ |

| အမှတ်စဉ် | ကုန်စည်အမျိုးအမည် |
| --- | --- |
| ၂၅ | အားကစားဝတ်ဆင်ရေး ချုပ်ပြီးအထည်များ။ |
| ၂၆ | မီသိုင်းပါသော အရက်ပြန်။ |
| ၂၇ | ဓာတ်မြေဩဇာများ။ |
| ၂၈ | ဆား။ |
| ၂၉ | ဟင်းခတ်အချိုမှုန့်။ |
| ၃၀ | ရှုလကာရည်။ |
| ၃၁ | ခေါက်ဆွဲအစို၊ အခြောက်နှင့်မြူစွမ်။ |

## ဇယား ၃

## ၁၀ ရာခိုင်နှုန်းဖြင့် အခွန်ကျသင့်စေရမည့် ကုန်စည်များ

(၁) ပြည်ပမှတင်သွင်းသည့် ကုန်စည်ဖြစ်လျှင် အခွန်ကို ကုန်းပေါ်ရောက် တန်ဖိုးပေါ်တွင် ကျသင့်စေရမည်၊

(၂) နိုင်ငံတော်အတွင်း ထုတ်လုပ်သော ကုန်စည်ဖြစ်လျှင် အခွန်ကို ရောင်းရငွေပေါ်တွင် ကျသင့်စေရမည်။

| အမှတ်စဉ် | ကုန်စည်အမျိုးအမည် |
|---|---|
| ၁ | ရေခဲ။ |
| ၂ | နို့ဆီ။ |
| ၃ | မုယောနှင့်မုယောဂျုံမှုန့် (Malt and Malt Flour)။ |
| ၄ | ဆေးပေါ့လိပ်။ |
| ၅ | ပေါင်မုန့်၊ ဘီစကွတ်မုန့်နှင့် ကိတ်မုန့်များ။ |
| ၆ | မုန့်ဖုတ်ဖိုများက ထုတ်လုပ်သော စားဖွယ်သောက်ဖွယ်များ။ |
| ၇ | အစားအသောက်ဆိုးဆေးများ။ |
| ၈ | အစားအသောက် အမွှေးအကြိုင်များ။ |
| ၉ | ထင်းရှူးဆီချော။ |
| ၁၀ | ကညင်ဆီ၊ ထင်းရှူးဆီ။ |
| ၁၁ | စက်ဆီ၊ ချောဆီနှင့် အခြားနေရာတွင် သီးခြားဖော်ပြထားခြင်းမရှိသော ရေနံထွက်ဆီများ။ |
| ၁၂ | ဘေကင်ပေါင်ဒါနှင့်တဆေး (Yeast)။ |
| ၁၃ | ဓာတ်ဆေး၊ ဆိုးဆေး။ |
| ၁၄ | ဓာတုဗေဒအခြေခံဓာတ်ရောများ။ |
| ၁၅ | ရေနံမီးသွေး။ |

| အမှတ်စဉ် | ကုန်စည်အမျိုးအမည် |
|---|---|
| ၁၆ | ရေနံနှင့်ရေနံမီးသွေးမှ ထွက်သည့် ဓာတုဗေဒကုန်ပစ္စည်းများ။ |
| ၁၇ | ဖိနပ်အမျိုးမျိုးတွင် တပ်ဆင်သည့်ပစ္စည်းများ။ |
| ၁၈ | ကရုံးသားရေ၊ ဆိုးသားရေ၊ ဆိတ်၊ သိုးသားရေနှင့် သားရေများ |
| ၁၉ | ဒန်ပြား၊ ဒန်ဝိုင်း။ |
| ၂၀ | ရော်ဘာဖြင့်ပြုလုပ်သော စက်သုံးပစ္စည်းများနှင့်ကုန်ကြမ်းပစ္စည်းများ။ |
| ၂၁ | ပလတ်စတစ်ကုန်ကြမ်းပစ္စည်းများ။ |
| ၂၂ | ကျွန်းသစ်လုံး။ |
| ၂၃ | သစ်မာသစ်လုံး။ |
| ၂၄ | ကျွန်းနှင့်သစ်မာတိုင်နှင့်မျော။ |
| ၂၅ | သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်းနှင့်အခြားပုံနှိပ်စာအုပ်၊ စာပေများ။ |
| ၂၆ | စက္ကူများနှင့် ကတ်ထူစက္ကူများ။ |
| ၂၇ | စီးကရက်စက္ကူများ။ |
| ၂၈ | မင်အမျိုးမျိုး။ |
| ၂၉ | တွယ်ချိတ်၊ တွယ်အပ်၊ ကလစ်နှင့်အခြားရုံးသုံးပစ္စည်းကိရိယာများ။ |
| ၃၀ | ပိုးချည်ခင်။ |
| ၃၁ | ချည်တိပ်ကြိုး၊ ချည်မျှော့ကြိုး၊ ချည်တိုင်တိပ်ကြိုးများ။ |
| ၃၂ | စက်ပြင်ဂတ်စုံများ။ |
| ၃၃ | ဂေါ်ဒန်ကျောက်။ |
| ၃၄ | ဘရိတ်ထီးကျောက်။ |
| ၃၅ | ဂရက်ဖိုက်။ |
| ၃၆ | ရွှံ့စေးဖြူ၊ မီးခံရွှံ့စေးနှင့် မီးခံရွှံ့စေးမှုန့်။ |
| ၃၇ | ကံ့ကူဆံ။ |
| ၃၈ | ဒိုလိုမိုက်ကျောက်။ |

| အမှတ်စဉ် | ကုန်စည်အမျိုးအမည် |
|---|---|
| ၃၉ | မြေနီ၊ မြေဝါ၊ မြေဖြူမှုန့်။ |
| ၄၀ | ဗင်တိုနိုက်ကျောက်။ |
| ၄၁ | တာရာဇိုကျောက်။ |
| ၄၂ | ရေစေးမြေများ။ |
| ၄၃ | ခဲချော်ချေး။ |
| ၄၄ | ကျောက်တုံး (Marble)။ |
| ၄၅ | ခဲမဖြူသန့်စင်၊ အဖြိုက်နက်သန့်စင်၊ ခဲမဖြူအဖြိုက်နက်ရောရာ၊ ခဲမဖြူ အဖြိုက်နက်ရိုးလိုက်ရောရာ သန့်စင်သတ္တုများ။ |
| ၄၆ | ခဲစင်။ |
| ၄၇ | သန့်စင်သွပ်မှုန့်။ |
| ၄၈ | ကြေးနီမက်။ |
| ၄၉ | နီကယ်စပိုက်(စ်)။ |
| ၅၀ | ခနောက်စိမ်းခဲ။ |
| ၅၁ | ခနောက်စိမ်းသတ္တု။ |
| ၅၂ | သန့်စင်ဆာလ်ဖိတ်ခဲမှုန့်။ |
| ၅၃ | လွှသွားအမျိုးမျိုး။ |
| ၅၄ | ပုလင်းအမျိုးမျိုး။ |
| ၅၅ | ဂုန်နီဖျင်ပါးနှင့်ဂုန်နီအိတ်များ။ |
| ၅၆ | စက္ကူဖြင့်လည်းကောင်း၊ စက္ကူကတ်ထူဖြင့်လည်းကောင်း ပြုလုပ်ထားသော ထုပ်ပိုးပစ္စည်းများ။ |
| ၅၇ | ပလတ်စတစ်အိတ်အမျိုးမျိုး။ |
| ၅၈ | သံဖြင့်ပြုလုပ်သော ရေစည်၊ သံပုံးနှင့်သတ္တုရည်အမျိုးမျိုးဖြင့် သုတ်ထားသော ပုံးခွက်များ။ |

| အမှတ်စဉ် | ကုန်စည်အမျိုးအမည် |
|---|---|
| ၅၉ | ပုလင်းအဖုံး (Crown Cork) များ။ |
| ၆၀ | ဖန်ခွက်များ။ |
| ၆၁ | မျက်မှန်၊ မျက်မှန်ကိုင်းနှင့် အရန်ပစ္စည်းများ။ |
| ၆၂ | ငါးမျှားချိတ်များ။ |
| ၆၃ | လျှပ်စစ်ဓာတ်အား (စက်ရုံသုံးမှအပ)။ |
| ၆၄ | မရိုက်ရသေးသော ကင်မရာဖလင်များ။ |
| ၆၅ | ပန်းချီဆရာသုံး ကိရိယာတန်ဆာပလာများ။ |
| ၆၆ | ကော်ဖီမှုန့်အမျိုးမျိုး။ |
| ၆၇ | လက်ဖက်အချိုခြောက်။ |
| ၆၈ | ဖယောင်းတိုင်များ။ |
| ၆၉ | ကြက်ပေါင်စေး။ |
| ၇၀ | စက်ဘီးတာယာနှင့်ကျွတ်များ။ |
| ၇၁ | မော်တော်ကားနှင့်မော်တော်ဆိုင်ကယ်သုံး တာယာနှင့်ကျွတ်များ။ |
| ၇၂ | ရော်ဘာကွန်ပေါင်းများ။ |
| ၇၃ | အခြားနေရာတွင် သီးခြားဖော်ပြထားခြင်းမရှိသည့် တာယာနှင့် ကျွတ်များ။ |
| ၇၄ | ယွန်းထည်အမျိုးမျိုး။ |
| ၇၅ | ချည်ချောလုံချည်များ။ |
| ၇၆ | ချည်ရှပ်ဖျင်ရောင်စုံနှင့် ပိတ်ဖြူများ။ |
| ၇၇ | ချည်စောင်များ။ |
| ၇၈ | ချည်မျက်နှာသုတ်ပဝါများ။ |
| ၇၉ | ပွင့်ရိုက်ချည်ထည်များ။ |
| ၈၀ | စားပွဲခင်း၊ လက်သုတ်ပဝါစသည့် အိမ်အသုံးအထည်များ။ |
| ၈၁ | ချည်ခြင်ထောင်ဇာများ။ |

| အမှတ်စဉ် | ကုန်စည်အမျိုးအမည် |
|---|---|
| ၈၂ | ချည်ဇာမှအပ အခြားနေရာတွင် သီးခြားဖော်ပြထားခြင်းမရှိသည့် ချည်ထည်များ။ |
| ၈၃ | အားကစားဝတ်ဆင်ရေး ချုပ်ပြီးထည်မှအပ အခြားချည်ချုပ်ပြီးထည်များ။ |
| ၈၄ | ချုပ်ပြီးခြင်ထောင်များ။ |
| ၈၅ | ထုံးနှင့်ထုံးမှုန့်များ။ |
| ၈၆ | သတ္တုဖြင့်လည်းကောင်း၊ ကြွေးဖြင့်လည်းကောင်း ပြုလုပ်ထားသော အိုးခွက်အိမ်သုံးပစ္စည်းများ။ |
| ၈၇ | အိမ်မိုးသွပ်ပြားများ။ |
| ၈၈ | လယ်ယာသုံးစက်ပစ္စည်းများ။ |
| ၈၉ | ရက်ကန်းနှင့်အခြားအထည်ရက်လုပ်ငန်း၊ ချည်ထိုးလုပ်ငန်း၊ ချည်မျှင်လုပ်ငန်းသုံးစက်နှင့် စက်ပစ္စည်းကိရိယာများ။ |
| ၉၀ | မီးချောင်း၊ မီးသီးအုပ်ဆောင်း အမျိုးမျိုးနှင့် မီးခလုတ်၊ မီးဘလောက်များနှင့် ယင်းတို့၏အရန်ပစ္စည်းများ။ |
| ၉၁ | မီးကြိုး၊ မီးကလစ်နှင့် အခြားအိမ်တွင်း လျှပ်စစ်ဆက်သွယ်ရေးပစ္စည်းများ။ |
| ၉၂ | စက်မှုသုံးအပ်ချုပ်စက်များ။ |
| ၉၃ | လမ်းဆောက်လုပ်ရေး၊ လမ်းခင်း၊ လမ်းကြိတ်စက်နှင့် ယင်းတို့၏ အရန်နှင့်အပိုပစ္စည်းများ။ |
| ၉၄ | ဘက်ထရီများ (ဓာတ်ခဲခြောက်မပါ)။ |
| ၉၅ | မီးသတ်ဆေးဘူးများ။ |
| ၉၆ | ရေလောင်းအိမ်သာ၊ ရေဆွဲအိမ်သာပစ္စည်းနှင့် ယင်းတို့အတွက် တပ်ဆင်ရန်ပစ္စည်းများ။ |
| ၉၇ | ပလတ်စတစ်ဖြင့် ပြုလုပ်သည့် ဆောက်လုပ်ရေးပစ္စည်းများ။ |
| ၉၈ | ဘော(လ်)ဘယ်ရင်များ။ |

| အမှတ်စဉ် | ကုန်စည်အမျိုးအမည် |
| --- | --- |
| ၉၉ | စက်ဘီးများ။ |
| ၁၀၀ | စက်ဘီးအရန်နှင့်အပိုပစ္စည်းများ။ |
| ၁၀၁ | ထရက်တာကားများ၊ အခြားစက်မှုသုံးကားများနှင့် ယင်းတို့၏အရန်နှင့် အပိုပစ္စည်းများ။ |
| ၁၀၂ | မီးရထားခေါင်း၊ မီးရထားခေါင်းတွဲ၊ မီးရထားတွဲများနှင့် ယင်းတို့၏အရန် နှင့်အပိုပစ္စည်းများ။ |
| ၁၀၃ | ပင်လယ်ကူးသင်္ဘော၊ အခြားသင်္ဘော၊ မော်တော်ဘုတ်နှင့် စက်ကူနာ စက်ကပ်လှေကြီးများနှင့် ယင်းတို့၏အရန်နှင့် အပိုပစ္စည်းများ။ |
| ၁၀၄ | လေယာဉ်နှင့်ယင်းတို့၏ အရန်နှင့် အပိုပစ္စည်းများ။ |
| ၁၀၅ | ငါးဖမ်းပိုက်များ။ |
| ၁၀၆ | ပလတ်စတစ်ဖျင်များ။ |
| ၁၀၇ | အခြားနေရာတွင် သီးခြားဖော်ပြထားခြင်းမရှိသည့် ပလတ်စတစ်အိမ်သုံးနှင့် လူသုံးပစ္စည်းများ။ |
| ၁၀၈ | ရေနံဆီမီးဖိုနှင့် ယင်းတို့အတွက် အရန်ပစ္စည်းများ။ |
| ၁၀၉ | မိုးကာအင်္ကျီများ။ |
| ၁၁၀ | ထီးအမျိုးမျိုး။ |
| ၁၁၁ | ကင်းဘတ်ဖိနပ်၊ ခြင်းခတ်ဖိနပ်နှင့် အခြားဖိနပ်အမျိုးမျိုး။ |
| ၁၁၂ | မုယောနှင့် နို့ဖြင့် ပြုလုပ်ထားသော စားဖွယ်သောက်ဖွယ်များ (Malted milk Preparation)။ |
| ၁၁၃ | နို့အေး၊ ရေခဲမုန့်၊ ရေခဲချောင်းစသည်များ။ |
| ၁၁၄ | အိမ်သုံးလျှပ်စစ်ပစ္စည်းများ၏ အရန်နှင့်အပိုပစ္စည်းများ။ |
| ၁၁၅ | သကြားလုံးများ။ |
| ၁၁၆ | အချိုယမကာအမျိုးမျိုး။ |

| အမှတ်စဉ် | ကုန်စည်အမျိုးအမည် |
| --- | --- |
| ၁၁၇ | ကိုယ်တိုက်ဆပ်ပြာများ။ |
| ၁၁၈ | အိမ်သုံးအပ်ချုပ်စက်များ။ |
| ၁၁၉ | သကြား။ |
| ၁၂၀ | ဘိလပ်ရည်။ |

ဇယား ၄

## ၂၀ ရာခိုင်နှုန်းဖြင့် အခွန်ကျသင့်စေရမည့် ကုန်စည်များ

(၁) ပြည်ပမှတင်သွင်းသည့် ကုန်စည်ဖြစ်လျှင် အခွန်ကို ကုန်းပေါ်ရောက် တန်ဖိုးပေါ်တွင် ကျသင့်စေရမည်၊

(၂) နိုင်ငံတော်အတွင်း ထုတ်လုပ်သော ကုန်စည်ဖြစ်လျှင် အခွန်ကို ရောင်းရငွေပေါ်တွင် ကျသင့်စေရမည်။

| အမှတ်စဉ် | ကုန်စည်အမျိုးအမည် |
|---|---|
| ၁ | ပုလဲတု၊ စိန်တု၊ ကျောက်တုနှင့် သွေးပြီးချက်ကျောက်များ။ |
| ၂ | ဖန်ပန်းအိုး၊ ဖန်ပန်းခွက်၊ ဖန်ပုလင်းနှင့် ဖန်ခွက်မှအပ အခြားအိမ်သုံး ဖန်ထည်ပစ္စည်းများ။ |
| ၃ | ကျောက်ပန်းအိုး၊ ကျောက်ပန်းခွက်၊ စားပွဲကျောက်ပြားများ (Marble Products)။ |
| ၄ | မာကရိုနီ။ |
| ၅ | ဆေးသကြား။ |
| ၆ | ငရုတ်ဆီနှင့်ဆော့(စ်) (Sauce) များ။ |
| ၇ | မလိုင်၊ ထောပတ်၊ ဂီးထောပတ်၊ ဒိန်ခဲများ။ |
| ၈ | ဆေးပြင်းလိပ်၊ ဆေးတံအမျိုးမျိုး။ |
| ၉ | ပရုတ်လုံး၊ ပရုတ်ခဲ။ |
| ၁၀ | သုတ်ဆေး၊ မှုတ်ဆေး၊ အရောင်တင်ဆေးအမျိုးမျိုး။ |
| ၁၁ | ဆေးသုတ်၊ ဆေးမှုတ်နှင့် ဆေးခြယ်ရာတွင် အသုံးပြုသော ကိရိယာတန်ဆာပလာများ (ပန်းချီဆရာသုံး ပစ္စည်းကိရိယာများ မပါဝင်)။ |
| ၁၂ | ဖစ်အမျိုးမျိုးနှင့် အခြားနေရာတွင် သီးခြားဖော်ပြထားခြင်းမရှိသည့် ကြွယ်သီးအမျိုးမျိုး။ |
| ၁၃ | မီးခြစ်ကျောက်။ |

| အမှတ်စဉ် | ကုန်စည်အမျိုးအမည် |
|---|---|
| ၁၄ | ဆံညှပ်၊ ဆံထိုးနှင့် ဆံပင်ကောက်ပစ္စည်းများ။ |
| ၁၅ | သွားတိုက်တံများ။ |
| ၁၆ | ဓာတ်ဆပ်ပြာရည်၊ ဓာတ်ဆပ်ပြာမှုန့်နှင့် ချေးချွတ်ဆေးမှုန့်။ |
| ၁၇ | ရာဘာဖြင့် ပြုလုပ်သော အိမ်သုံးပစ္စည်းအမျိုးမျိုး။ |
| ၁၈ | သစ်မာ၊ သစ်မာအထပ်သားနှင့် သစ်မာအပါးအလွှာများ။ |
| ၁၉ | စက္ကူကတ်ထူဖြင့် ပြုလုပ်သည့် ဆောက်လုပ်ရေးပစ္စည်းများ။ |
| ၂၀ | စက္ကူထုပ်ပိုးပစ္စည်းမှအပ အခြားစက္ကူပစ္စည်းများ။ |
| ၂၁ | ကင်းဘတ်ဖျင်များ။ |
| ၂၂ | ဖယောင်းပုဆိုးပိတ်နှင့် ကြမ်းခင်းပိတ်များ။ |
| ၂၃ | တာပေါ်လင်ဖျင် (မိုးရေခံပတ္တူ)နှင့် မိုးကား။ |
| ၂၄ | ဘိလပ်မြေ။ |
| ၂၅ | အုတ်၊ အုတ်ကြွပ်ပစ္စည်း၊ မီးခံအုတ်။ |
| ၂၆ | ကြွေထည်ပန်းကန်ခွက်ယောက်များ။ |
| ၂၇ | ကြွေရည်သုတ်ပန်းကန်ခွက်ယောက်များ။ |
| ၂၈ | မှန်အိမ်၊ မီးအိမ်နှင့် ယင်းတို့၏ အရန်နှင့်အပိုပစ္စည်းများ။ |
| ၂၉ | အိမ်သုံးနှင့် ရေအိမ်သုံးကြွေထည်ပစ္စည်းများ။ |
| ၃၀ | အိမ်ရိုက်သံ၊ လေးမြှောင့်သံများ။ |
| ၃၁ | မုတ်ဆိတ်ရိတ်ဓား၊ သင်တုန်းဓားနှင့် ကတ်ကြေးများ။ |
| ၃၂ | သောခလောက်၊ သော့အိမ်နှင့် သော့များ။ |
| ၃၃ | ပရိဘောဂနှင့် သေတ္တာများတွင် တပ်ဆင်သည့်ကုန်မာ တန်ဆာပလာများ။ |
| ၃၄ | သံ၊ သံမဏိပြားအထူ၊ အပါးနှင့် သတ္တုအရည်သုတ်ထားသည့် သံ၊ သံမဏိပြားများ။ |
| ၃၅ | သံ၊ သံမဏိဖြင့် ပြုလုပ်သော မူလီ၊ ဝက်အူ၊ ဘို့နပ်စသည်များ။ |

| အမှတ်စဉ် | ကုန်စည်အမျိုးအမည် |
|---|---|
| ၃၆ | သံ၊ သံမဏိတိုင်၊ ထုပ်၊ ပိုက်လုံး၊ သံချောင်း၊ သံဝါယာပစ္စည်းစသည့် ဆောက်လုပ်ရေးပစ္စည်းများ။ |
| ၃၇ | သံ၊ သံမဏိမှအပ အခြားသတ္တုဖြင့် ပြုလုပ်ထားသည့် ဆောက်လုပ်ရေး ပစ္စည်းများ။ |
| ၃၈ | ပိုက်ဆက်ပစ္စည်းများ။ |
| ၃၉ | သံကြွပ်ဒယ်အိုး၊ ပန်းရန်ဒယ်အိုး၊ သံဘရုပ်၊ သံသပ်၊ ကတ္တရာအိုး၊ ကွန်ကရစ်ဖျော်စက်၊ ကျောက်ကြိတ်စက်စသည့် ဆောက်လုပ်မှုနှင့် အထွေထွေလုပ်ငန်းသုံးပစ္စည်းကိရိယာများ။ |
| ၄၀ | သံ၊ သံမဏိကြိုးများနှင့် ကျောက်ဆူးများ။ |
| ၄၁ | အခြားနေရာတွင် သီးခြားဖော်ပြထားခြင်း မရှိသည့်ငွေနှင့် ပလက်တီနမ်မှ အပ အခြားသတ္တုဖြင့် ပြုလုပ်သည့်ပစ္စည်းများ။ |
| ၄၂ | လျှပ်စစ်မော်တာများ။ |
| ၄၃ | လက်နှိပ်ဓာတ်မီးနှင့် အရန်ပစ္စည်းများ။ |
| ၄၄ | ကြော်ငြာနီယွန်မီးသီး၊ မီးချောင်းမှအပ အခြားမီးသီး၊ မီးချောင်းအမျိုးမျိုး။ |
| ၄၅ | ကြေးဖြင့် ပြုလုပ်သော လျှပ်စစ်ဓာတ်ထိန်းနှင့် ကြေးနန်းပစ္စည်းများ။ |
| ၄၆ | မီတာအိမ်နှင့် မီတာသေတ္တာများ။ |
| ၄၇ | ဓာတ်မီးတိုင်ထိန်း ပစ္စည်းကိရိယာများ။ |
| ၄၈ | ပင်မလျှပ်စစ်ဖြန့်ခွဲမှုကိရိယာများ။ |
| ၄၉ | တွင်းထွက်ပစ္စည်းများနှင့် သတ္တုပစ္စည်းများ တူးဖော်ရေး၊ ဖြတ်ထွင်းရေး စက်၊ ပစ္စည်းကိရိယာများနှင့် ယင်းတို့၏အရန်နှင့် အပိုပစ္စည်းများ။ |
| ၅၀ | လျှပ်စစ်ဂျင်နရေတာ၊ ထရန်စဖော်မာစသည့် လျှပ်စစ်ပစ္စည်းနှင့် ယင်းတို့၏ အရန်နှင့်အပိုပစ္စည်းများ။ |

| အမှတ်စဉ် | ကုန်စည်အမျိုးအမည် |
|---|---|
| ၅၁ | လျှပ်စစ်ဓာတ်အားလိုင်းကြိုး၊ ကိရိယာနှင့် ယင်းတို့၏ အရန်နှင့်အပိုပစ္စည်းများ။ |
| ၅၂ | ကြေးနန်း၊ ကြိုးမဲ့ကြေးနန်း၊ စကားပြောကြေးနန်း၊ တဲလက်(စ်)နှင့် ရေဒီယိုဆက်သွယ်ရေးပစ္စည်းကိရိယာနှင့် ယင်းတို့၏ အရန်နှင့်အပိုပစ္စည်းများ။ |
| ၅၃ | ရေဒီယိုအမျိုးမျိုး၏အစိတ်အပိုင်းများ၊ အပိုပစ္စည်းများနှင့် အခြားလျှပ်စစ်ဆက်သွယ်ရေး အီလက်ထရွန်နစ်ပစ္စည်းများ။ |
| ၅၄ | ဝန်ချိန်ကိရိယာ၊ အကွာအဝေးတိုင်းတာသည့် ကိရိယာများ။ |
| ၅၅ | မှန်ပြားနှင့် ဖန်၊ မှန်ဖြင့် ပြုလုပ်ထားသော ဆောက်လုပ်ရေးပစ္စည်းများ။ |
| ၅၆ | ကွန်ကရစ်ဖြင့်လည်းကောင်း၊ မီးခံဘိလပ်မြေဖြင့်လည်းကောင်း ပြုလုပ်ထားသည့် ဆောက်လုပ်ရေးပစ္စည်းများ။ |
| ၅၇ | ကြွေထည်ပစ္စည်းမှအပ အခြားအိမ်သုံးနှင့် ရေအိမ်သုံးပစ္စည်းများ။ |
| ၅၈ | ကွန်ကရစ်ပိုက်များ။ |
| ၅၉ | ဘွိုင်လာ၊ အင်ဂျင်များ၊ လျှပ်စစ်ဓာတ်အားပေး တာဘိုင်များနှင့် ယင်းတို့၏ အရန်နှင့်အပိုပစ္စည်းများ။ |
| ၆၀ | ဓာတ်တံတားများ၊ ဇော်ယာများနှင့် ယင်းတို့၏အရန်နှင့် အပိုပစ္စည်းများ။ |
| ၆၁ | ဆေးလိပ်ခွက်အမျိုးမျိုးနှင့် ဆေးလိပ်ပြာခွက်အမျိုးမျိုး။ |
| ၆၂ | မရိုက်ရသေးသော ရုပ်ရှင်ဖလင်များ။ |
| ၆၃ | ကလေးကစားစရာများ။ |
| ၆၄ | ကလေးစီးယာဉ်အမျိုးမျိုးနှင့် အရန်ပစ္စည်းများ။ |
| ၆၅ | ဘော်ငွေ (သို့မဟုတ်) ငွေစင်။ |
| ၆၆ | အခြားနေရာတွင် သီးခြားဖော်ပြထားခြင်းမရှိသည့် ပုံနှိပ်လုပ်ငန်းပစ္စည်းများ။ |
| ၆၇ | ဓာတ်မီးခြစ်အမျိုးမျိုး။ |

| အမှတ်စဉ် | ကုန်စည်အမျိုးအမည် |
|---|---|
| ၆၈ | ၁ တန်အထက် ကုန်တင်ကား၊ ထရပ်ကားများနှင့် ကုန်တွဲကားများ။ |
| ၆၉ | ခါးပြတ်ကုန်တင်ကား၊ လူစီးဝန်တင်ကား၊ ဘတ်စ်ကားများ။ |
| ၇၀ | ရေ၊ ဓာတ်ဆီစသည့် သယ်ပို့သည့်ကားများ။ |
| ၇၁ | ဝန်ချီကားများ။ |
| ၇၂ | မော်တော်ကား အရန်နှင့်အပိုပစ္စည်းများ (ကိုယ်ထည်အစိတ်အပိုင်း အပါအဝင်) |
| ၇၃ | မော်တော်ဆိုင်ကယ်အရန်နှင့်အပိုပစ္စည်းများ။ |
| ၇၄ | ဓာတ်ခဲအမျိုးမျိုး။ |
| ၇၅ | မှတ်ခွနှင့်ခရများ။ |
| ၇၆ | မီးခံဘိလပ်မြေ အမိုးအကာပစ္စည်းများ။ |
| ၇၇ | တာရာဇိုကျောက်ပြားမှအပ အခြားအိမ်ခင်း၊ လမ်းခင်းကျောက်ပြားများ။ |
| ၇၈ | ဂုန်နီကော်ဇော်များ။ |
| ၇၉ | မူလသတ္တုဖျက်အရက်ပြန်။ |
| ၈၀ | ဓာတုဗေဒချည်တုနှင့် ပိုးတုထည်များ။ |
| ၈၁ | ချည်နှင့်ဓာတုဗေဒပိုးတုနှင့် ချည်တုရောရာအထည်များ။ |
| ၈၂ | စက္ကူလုပ်ငန်း၊ စက္ကူပတ်လုပ်ငန်း၊ စက္ကူကတ်ထူလုပ်ငန်းသုံးစက်၊ စက်ပစ္စည်းကိရိယာများ။ |
| ၈၃ | ဆန်စက်၊ ဂျုံစက်၊ သီးနှံအမှုန့်ကြိတ်စက်နှင့် ယင်းတို့၏ အရန်နှင့် အပိုပစ္စည်းများ။ |
| ၈၄ | သကြားစက်နှင့် ယင်းတို့၏အရန်နှင့်အပိုပစ္စည်းများ။ |
| ၈၅ | သစ်စက်၊ စက်ပစ္စည်းနှင့် ယင်းတို့၏ အရန်နှင့်အပိုပစ္စည်းများ။ |
| ၈၆ | အခြားနေရာတွင် သီးခြားဖော်ပြထားခြင်းမရှိသည့် စက်ပစ္စည်းကိရိယာနှင့် ယင်းတို့၏အရန်နှင့် အပိုပစ္စည်းများ။ |
| ၈၇ | ရေအေး ရေခဲစက်၊ ရေခဲသေတ္တာ၊ ရေခဲသေတ္တာဘူးများ။ |
| ၈၈ | အခြားနေရာတွင် သီးခြားဖော်ပြထားခြင်းမရှိသည့် ပစ္စည်းများ။ |

## ဇယား ၅

## ၂၅ ရာခိုင်နှုန်းဖြင့် အခွန်ကျသင့်စေရမည့် ကုန်စည်များ

(၁) ပြည်ပမှတင်သွင်းသည့် ကုန်စည်ဖြစ်လျှင် အခွန်ကို ကုန်းပေါ်ရောက် တန်ဖိုးပေါ်တွင် ကျသင့်စေရမည်၊

(၂) နိုင်ငံတော်အတွင်း ထုတ်လုပ်သော ကုန်စည်ဖြစ်လျှင် အခွန်ကို ရောင်းရငွေပေါ်တွင် ကျသင့်စေရမည်။

| အမှတ်စဉ် | ကုန်စည်အမျိုးအမည် |
|---|---|
| ၁ | စားဖွယ်သောက်ဖွယ် စည်သွတ်ဘူးများ။ |
| ၂ | ကျောက်ကျောအခြောက် (Isinglass)။ |
| ၃ | ကိုကိုးမှုန့်။ |
| ၄ | တော်ဖီ၊ ချောကလက်များ။ |
| ၅ | ဆေးတံသောက်ဆေးများ။ |
| ၆ | ကွမ်းစားဆေး (မူစကီး)။ |
| ၇ | ကြမ်းတိုက်ဖယောင်း။ |
| ၈ | ရိုက်ပြီးဖလင်များ။ |
| ၉ | ဆေးပေါင်ဒါမှအပ ရေမွှေးအပါအဝင်အလှကုန်များ။ |
| ၁၀ | ကျွန်းနှင့်ကျွန်းပါသောအထပ်သား။ |
| ၁၁ | ကျွန်းခွဲသား။ |
| ၁၂ | သစ်သားအခင်းတုံးများ။ |
| ၁၃ | လုပ်ငန်းသုံးပစ္စည်းမှအပ အခြားသားရေပစ္စည်းများ။ |
| ၁၄ | ဇာချည်ထည်နှင့်အခြားပိတ်ဇာများ။ |
| ၁၅ | ချည်စောင်နှင့်တဘက်မှအပ အခြားစောင်နှင့်တဘက်များ။ |
| ၁၆ | သားရေတုအထည်အလိပ်များ။ |
| ၁၇ | ပိုးနှင့်ဖဲတွဲလုံချည်များ။ |

| အမှတ်စဉ် | ကုန်စည်အမျိုးအမည် |
| --- | --- |
| ၁၈ | ပိုးတုဖဲပြားများ။ |
| ၁၉ | သားမွေး၊ သိုးမွေးအထည်အလိပ်၊ အဂတ်တန်ဆာပလာနှင့် ယင်းတို့ဖြင့် ပြုလုပ်သည့် ချုပ်ပြီးအထည်များ။ |
| ၂၀ | ပိုးထည်အမျိုးမျိုး။ |
| ၂၁ | မော်တော်ဆိုင်ကယ်၊ မော်တော်စကူတာနှင့် ယင်းအမျိုးအစားတွင် ပါ ဝင်သောမော်တော်ယာဉ်များ။ |
| ၂၂ | အပျော်စီး ဘင်ကားများ၊ ဆလွန်း၊ ဆီဒင်နှင့် အပျော်စီးဂက်ဂွန်း (Estate Wagon) ကားများနှင့် ကူးပေး (Coupe) ကားများ။ |
| ၂၃ | စာပုံနှိပ်၊ စာစီနှင့် စာအုပ်ချုပ်စက်၊ ဘလောက်လုပ်ငန်း စက်ကိရိယာများနှင့် ယင်းတို့၏အရန်နှင့်အပိုပစ္စည်းများ။ |
| ၂၄ | ဆီကြိတ်စက်၊ စက်ပစ္စည်းနှင့် ယင်းတို့၏အရန်နှင့်အပိုပစ္စည်းများ။ |
| ၂၅ | ရုပ်ရှင်ရိုက်စက်အမျိုးမျိုး၊ ရုပ်ရှင်ပြစက်အမျိုးမျိုးနှင့် ယင်းတို့၏ အရန်နှင့် အပိုပစ္စည်းများ (ကာဗွန်အပါအဝင်)။ |
| ၂၆ | ကင်မရာအမျိုးမျိုး၏အရန်နှင့် အပိုပစ္စည်းများ။ |
| ၂၇ | မှန်ပြောင်း၊ မှန်ဘီလူးများ။ |
| ၂၈ | လက်နှိပ်စက်၊ ဂဏန်းတွက်စက်၊ မိတ္တူကူးစက်၊ စာရင်းအင်းစက်များ၊ အခြားရုံးသုံးစက်၊ စက်ကိရိယာနှင့် ယင်းတို့၏ အရန်နှင့်အပိုပစ္စည်းများ။ |
| ၂၉ | နာရီအမျိုးမျိုးနှင့် ယင်းတို့၏အရန်နှင့်အပိုပစ္စည်းများ။ |
| ၃၀ | ရွှေငွေရွှေရည်နှင့် ငွေရည်တင်ဇွန်းခက်ရင်းမှအပ ခြားဇွန်းခက်ရင်းနှင့် ဓားများ။ |
| ၃၁ | အိမ်ထောင်ပရိဘောဂများ။ |
| ၃၂ | သံဗီရို၊ သံမဏိရုံးသုံးဗီရိုစသည်များ။ |
| ၃၃ | မီးခံသေတ္တာများ။ |
| ၃၄ | မီးခံငွေသေတ္တာ၊ ဘဏ္ဍာတိုက်ခန်းပစ္စည်း၊ ကိရိယာများနှင့် ငွေသေတ္တာများ။ |

| အမှတ်စဉ် | ကုန်စည်အမျိုးအမည် |
|---|---|
| ၃၅ | တာရာဇိုကျောက်ပြားများ။ |
| ၃၆ | ရေဒီယိုများ၊ တီဗွီများ၊ ဗွီဒီယိုကင်မရာနှင့်ပြစက်များ။ |
| ၃၇ | လျှပ်စစ်မီးဖိုများ၊ လျှပ်စစ်ထမင်းချက်အိုးများနှင့် မိုက်ကရိုဝေ့(ဗ်)ဖိုများ။ |
| ၃၈ | ဖိုင်ဘာသေတ္တာ၊ ခရီးဆောင်သေတ္တာနှင့် ဘရိ(ဖ်)ကေ့(စ်)များ။ |
| ၃၉ | လျှပ်စစ်ပန်ကာ၊ လျှပ်စစ်မီးပူ၊ လျှပ်စစ်အဝတ်လျှော်စက်နှင့်ရေအေးစက်များ။ |
| ၄၀ | ဓာတ်စက်များ။ |
| ၄၁ | ဓာတ်စက်ဓာတ်ပြား။ |
| ၄၂ | လေအေးစက်များ။ |
| ၄၃ | ဆင်စွယ်၊ လိပ်ခွံနှင့် အခြားတိရစ္ဆာန်ပစ္စည်းဖြင့် ပြုလုပ်သော ဝတ္ထုပစ္စည်းများ။ |
| ၄၄ | ဘိလိယက်ခုံ၊ ဘိလိယက်ဘောလုံး၊ ဘိလိယက်ထိုးတံနှင့် ဘိလိယက်ပစ္စည်းများ။ |
| ၄၅ | တူရိယာပစ္စည်းများ။ |
| ၄၆ | အသံသွင်းစက်များ၊ ရေဒီယိုတွဲအသံသွင်းစက်များ၊ ကက်ဆက်များနှင့် တိပ်ခွေများ။ |
| ၄၇ | အခြားနေရာတွင် သီးခြားဖော်ပြထားခြင်းမရှိသည့် အိမ်သုံးလျှပ်စစ်ပစ္စည်းများ။ |
| ၄၈ | ယမ်းမီးခြစ်။ |
| ၄၉ | မီးထိုးဆီ။ |
| ၅၀ | ဖယောင်း။ |
| ၅၁ | စစ်သုံးရမ်။ |

## ဇယား ၆

အောက်ပါဇယားပါ ကုန်စည်များနှင့် စပ်လျဉ်း၍ ပြည်ပမှ တင်သွင်းသည့် ကုန်စည်ဖြစ်လျှင် ကုန်းပေါ်ရောက်တန်ဖိုးပေါ်တွင်လည်းကောင်း၊ နိုင်ငံတော်အတွင်း ထုတ်လုပ်သော ကုန်စည်ဖြစ်လျှင် ရောင်းရငွေပေါ်တွင်လည်းကောင်း၊ ယင်းတို့နှင့်ယှဉ်တွဲ ဖော်ပြပါ ရာခိုင်နှုန်းအရ အခွန်ကျသင့်စေရမည် -

| အမှတ်စဉ် | ကုန်စည်အမျိုးအမည် | အခွန်ရာခိုင်နှုန်း |
|---|---|---|
| ၁ | စီးကရက် | ၇၅ |
| ၂ | ရေနံဆီ | ၅၀ |
| ၃ | ဓာတ်ဆီ | ၁၇၀ |
| ၄ | ဒီဇယ်ဆီ | ၉၀ |
| ၅ | ရေနံချေး | ၁၈၀ |
| ၆ | ဂျက်လေယာဉ်ဆီ | ၇၅ |
| ၇ | ရမ် | ၂၀၀ |
| ၈ | ပြည်တွင်းဖြစ်ဘရမ်ဒီ | ၆၀ |
| ၉ | အခြားဘရမ်ဒီ | ၂၀၀ |
| ၁၀ | ပြည်တွင်းဖြစ် မော့ဝီစကီ | ၆၀ |
| ၁၁ | အခြားဝီစကီ | ၂၀၀ |
| ၁၂ | ပြည်တွင်းဖြစ်ဂျင် | ၆၀ |
| ၁၃ | အခြားဂျင်၊ လစ်ကီယာနှင့်အလားတူအခြားအရက်များ | ၂၀၀ |
| ၁၄ | ဘီယာ | ၅၀ |
| ၁၅ | ဝိုင် | ၅၀ |
| ၁၆ | တင်လဲဖြူအရက် | ၅၀ |
| ၁၇ | အရက်ဖြူ | ၅၀ |
| ၁၈ | ပုလဲ | ၃၀ |
| ၁၉ | ကျောက်စိမ်းနှင့်အခြားအဖိုးတန်ကျောက်များ။ | ၃၀ |

## ဇယား ၇

အောက်ဇယားပါ ဝန်ဆောင်မှုများအပေါ် ယင်းတို့နှင့်ယှဉ်တွဲ ပြထားသည့်အတိုင်း အခွန်ကျသင့်စေရမည် -

| အမှတ်စဉ် | ဝန်ဆောင်မှုအမျိုးအစား | အခြေပြု တွက်ချက်ရမည့်ငွေ | အခွန် ရာခိုင်နှုန်း |
|---|---|---|---|
| ၁ | ရထား၊ ရေကြောင်း၊ လေကြောင်းနှင့် ကုန်းလမ်းခရီးသည် ပို့ဆောင်ရေးလုပ်ငန်း | ခရီးသည်ပို့ဆောင်ခ ရငွေစုစုပေါင်း | ၈ |
| ၂ | ဖျော်ဖြေမှုလုပ်ငန်း - | | |
| | (က) ရုပ်ရှင် သို့မဟုတ် ဗွီဒီယိုပြသခြင်း၊ | ရငွေအားလုံး | ၃၀ |
| | (ခ) ရုပ်ရှင် သို့မဟုတ် ဗွီဒီယိုမှအပ ကျန်ဖျော်ဖြေမှုများ။ | ရငွေအားလုံး | ၁၅ |
| ၃ | ကုန်စည်ဝယ်ယူရောင်းချသည့် ကုန်သွယ်မှုလုပ်ငန်း။ | ရောင်းရငွေ စုစုပေါင်း | ၅ |
| ၄ | ဟိုတယ်၊ တည်းခိုခန်း။ | ရငွေအားလုံး | ၁၀ |
| ၅ | စားသောက်ဖွယ်ရောင်းချရေး လုပ်ငန်း။ | ရောင်းငွေစုစုပေါင်း | ၁၀ |

အစိုးရသည် မည်သည့်ကုန်ထုတ်လုပ်သူကိုမဆို ဤဇယား၏အမှတ်စဉ် ၃ အရ ကုန်စည်ဝယ်ယူရောင်းချသည့် ကုန်သွယ်မှုလုပ်ငန်း ဆောင်ရွက်သူက ပေးဆောင်ရမည့် အခွန်အဖြစ် မိမိကုန်စည်ရောင်းရငွေ၏ ၅ ရာခိုင်နှုန်းဖြင့် တွက်ချက်ရရှိသောငွေကို ထိုသူထံမှ ကောက်ခံပေးသွင်းစေနိုင်သည်။

ပြည်ပမှ ကုန်စည်တင်သွင်း၍၊ ယင်းကုန်စည်ကို ရောင်းချသည့် ကုန်သွယ်မှုလုပ်ငန်း၏ ရောင်းရငွေအပေါ်တွင် ဤဇယား၏အမှတ်စဉ် ၃ အရ အခွန်မကျသင့်စေရ။

အစိုးရသည် ဤဇယား၏အမှတ်စဉ် ၅ အတွက် ရောင်းရငွေပမာဏ မများပြားသော လုပ်ငန်းများအပေါ် လစဉ်ပုံသေနှုန်းထားဖြင့် အခွန်ကျသင့်စေရန် သတ်မှတ်နိုင်သည်။